အလ္လာဟ်အရှင်မြတ်ထံတော်၌ ဒုအာဆုမွန်တောင်းခံခြင်းထက်ပို၍မြင့်မြတ်သောအရာဟူ၍မရှိ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌
ဒုအာဆုမွန်တောင်းခံခြင်းထက် ပို၍မြင့်မြတ်သောအရာဟူ၍မရှိ။
[حسن] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်မှာအလ္လာဟ်အရှင်မြတ်ထံတော်၌ ဒုအာဆုတောင်းခြင်းထက် ပို၍မြင့်မြတ်သော အိဗာဒသ်ဟူ၍မရှိပေ။အဘယ့်ကြောင့်ဆိုသော် ဒုအာဆုတောင်းခြင်း၌ ကြီးကျယ်မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်မှုကင်း၍ ပြည့်စုံကြွယ်ဝတော်မူသောအရှင်ဖြစ်ကြောင်း ဝန်ခံခြင်း၊ ကျေးကျွန်၏ မတတ်စွမ်းနိုင်မှုနှင့် အရှင်မြတ်အားအမြဲလိုအပ်လျက်ရှိကြောင်းဝန်ခံခြင်းတို့ပါဝင်သည့်အတွက်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5509